၂၀၁၅ - ၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်

# ရသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာ အချက်အလက်များ



Design : Nyo Ko Naing (Katha)

# ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်
# ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များ

# ဥယျောဇဉ်

ပြည်ထောင်စုအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နှစ်စဉ် ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကိုရေးဆွဲ၍ ဘဏ္ဍာရေးကော်မရှင်သို့ စိစစ်တင်ပြပြီး ဘဏ္ဍာရေး ကော်မရှင်၏ထောက်ခံချက်ဖြင့် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးအတည်ပြုနိုင်ရန် ပေးပို့ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ အရအသုံးခန့်မှန်းခြေငွေစာရင်း(Budget)၏ သဘောသဘာဝအရ ပါဝင်သည့် ဌာန၊ အဖွဲ့အစည်းများပြားခြင်း၊ ရငွေသုံးငွေတို့၏ အကြောင်းအရာ အမျိုးအစားအလိုက် ခေါင်းစဉ်ကြီး၊ ခေါင်းစဉ်ငယ်စသည်ဖြင့် အဆင့်ဆင့်ခွဲခြမ်းစိတ်ဖြာ၍ ဖော်ပြရခြင်း၊ ယခင်ကာလများ၏ အခြေအနေကို ယှဉ်တွဲဖော်ပြရခြင်း စသည်တို့ကြောင့် ပြည်သူများအလွယ်တကူ နားလည်ရန် အခက်အခဲရှိမည် ဖြစ်ပါ သည်။ သို့ဖြစ်ရာ နိုင်ငံတော်၏ဘဏ္ဍာရေးပိုင်းဆိုင်ရာများ ပွင့်လင်းမြင်သာမှုရှိရေးအတွက် ဘဏ္ဍာရေးနှစ် တစ်နှစ်အတွင်း ရရှိမည့်ဝင်ငွေပမာဏနှင့် ယင်းဝင်ငွေများကို မည်သို့မည်ပုံ သုံးစွဲမည်ဟူသည့် ပြည်သူ့ ဘဏ္ဍာရေးစီမံခန့်ခွဲမှုကို ပြည်သူများ အလွယ်တကူ သိရှိနားလည်စေရန် ပြည်ထောင်စုလွှတ်တော်က ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် အတည်ပြု ပြဋ္ဌာန်းထားသည့် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ ဘဏ္ဍာငွေရရှိမှုနှင့် သုံးစွဲမှုခန့်မှန်းလျာထားချက်များကို အခြေခံ၍ ဤရသုံး ခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များကို ထုတ်ပြန်ရခြင်း ဖြစ်ပါသည်။

ပြည်ထောင်စုအစိုးရအဖွဲ့၏ မူဝါဒနှင့်ရည်မှန်းချက်များ အောင်မြင်စေရန် ပြည်သူများ၏ ပူးပေါင်း ပါဝင်မှု ပိုမိုအားကောင်းရန် လိုအပ်ပါသည်။ ပြည်သူများ၏ ပူးပေါင်းပါဝင်မှု အားကောင်းမှသာ ပြည်သူ့ ဘဏ္ဍာရေးစီမံခန့်ခွဲမှုကို ပိုမိုထိရောက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ပြီး ပြည်သူများအတွက် လိုအပ်သော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဘဏ္ဍာရေးပိုင်းဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေး အတွက် Citizen's Budget ကို ထုတ်ပြန်ရန် လမ်းညွှန်မှုပေးသော ပြည်ထောင်စုအစိုးရအဖွဲ့၊ ဆွေးနွေးအကြံပြု ကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ နည်းပညာအကူအညီပေးကြသော Spectrum-Sustainable Development Knowledge Network အဖွဲ့အစည်း၊ အင်္ဂလန်နိုင်ငံမှ DFID (Department for International Development)အဖွဲ့အစည်းများနှင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြသော ဘဏ္ဍာရေး ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများကို အထူးကျေးဇူးတင်ရှိပါသည်။ ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်း မြင်သာမှုကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက် ဖော်ဆောင်သွားနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်း ဆန္ဒပြုအပ်ပါသည်။

ဦးဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ဘဏ္ဍာရေးဝန်ကြီးဌာန

ရက်စွဲ ။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၂၁) ရက်

# မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | Citizen's Budget ဆိုတာဘာလဲ | ၁ |
| ၂။ | နိုင်ငံတော်ဘတ်ဂျက်ဆိုသည်မှာ | ၂ |
| ၃။ | နှစ်စဉ်ဘတ်ဂျက်ရေးဆွဲ အကောင်အထည်ဖော်မှုလုပ်ငန်းစဉ် | ၂ |
| ၄။ | ဘတ်ဂျက်ရေးဆွဲခြင်းနှင့် ဥပဒေပြဋ္ဌာန်းခြင်းအစီအစဉ် | ၃ |
| ၅။ | စီးပွားရေးနှင့် ဘဏ္ဍာရေးအခြေအနေ | ၄ |
| ၆။ | ပြည်ထောင်စု၏ ဘဏ္ဍာရေးမူဝါဒ | ၅ |
| ၇။ | နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးအစီအစဉ်များ | ၆ |
| ၈။ | နိုင်ငံတော်၏ စီမံကိန်းရည်မှန်းချက်များ | ၆ |
| ၉။ | ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ စုစုပေါင်းအရအသုံးလျာထားချက် | ၇ |
| ၁၀။ | ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးအခြေအနေ | ၈ |
| ၁၁။ | ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ ပြည်ထောင်စု၏ ဘတ်ဂျက်လိုငွေနှင့်ဂျီဒီပီအချိုး | ၈ |
| ၁၂။ | နှစ်အလိုက် ဂျီဒီပီ တိုးတက်မှုနှုန်း | ၉ |
| ၁၃။ | ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အသုံးစရိတ် ခွဲဝေမှုရာခိုင်နှုန်း | ၉ |
| ၁၄။ | ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ရငွေ ရရှိမှု(ခန့်မှန်းခြေ) | ၁၀ |
| ၁၅။ | ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ရငွေ ရရှိမှု(ခန့်မှန်းခြေ) အမျိုးအစားအလိုက်ရာခိုင်နှုန်း | ၁၀ |
| ၁၆။ | ပြည်ထောင်စု၏ အခွန်အကောက်ရငွေ(ခန့်မှန်းခြေ) | ၁၁ |
| ၁၇။ | ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် အခွန်အကောက်အမျိုးအစားအလိုက် ရငွေများ(ခန့်မှန်းခြေ)ရာခိုင်နှုန်း | ၁၁ |
| ၁၈။ | ဘဏ္ဍာရေးနှစ်အလိုက် ပြည်ပအကူအညီရငွေနှင့် ချေးငွေအခြေအနေ | ၁၂ |
| ၁၉။ | ဘဏ္ဍာရေးနှစ်အလိုက် နိုင်ငံတော်၏ ကြွေးမြီအခြေအနေ | ၁၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂၀။ | ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ အလိုက် လျာထားသည့် အရအသုံးအခြေအနေ | ၁၃ |
| ၂၁။ | ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် အဖွဲ့အစည်းအလိုက် အသုံးစရိတ်လျာထားချက် ရာခိုင်နှုန်း | ၁၅ |
| ၂၂။ | ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအလိုက် အသုံးစရိတ် ရာခိုင်နှုန်း | ၁၆ |
| ၂၃။ | ပညာရေးနှင့် ကျန်းမာရေးအတွက် နှစ်အလိုက် တိုးမြှင့်သုံးစွဲမှု အခြေအနေ | ၁၈ |
| ၂၄။ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုငွေ ဖြည့်ဆည်းပေးသည့်အခြေအနေ | ၁၉ |
| ၂၅။ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုငွေ ဖြည့်ဆည်းပေးမှု နှိုင်းယှဉ်ဖော်ပြချက် | ၁၉ |
| ၂၆။ | ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းပေးမှုရာခိုင်နှုန်း | ၂၀ |
| ၂၇။ | ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများစာရင်း | ၂၁ |
| ၂၈။ | ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် အထူးကိစ္စရပ်များအတွက် သုံးစွဲခြင်း | ၂၂ |
| ၂၉။ | နိဂုံး | ၂၃ |



# Citizen's 2015-2016 Budget

ဤစာစောင်သည် နိုင်ငံတော်၏ ဘတ်ဂျက်လုပ်ငန်းစဉ်၊ မေခရို စီးပွားရေးအခြေအနေ၊ ဘဏ္ဍာရေးမူဝါဒ၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေ အရအသုံး ခန့်မှန်းချက်၊ အခွန်အကောက်ရငွေ၊ စုစုပေါင်းအသုံးစရိတ်၊ ဘတ်ဂျက်လိုငွေ၊ ပြည်ပအကူအညီရငွေနှင့် ချေးငွေအခြေအနေ၊ ပညာရေးနှင့် ကျန်းမာရေးအသုံးစရိတ်၊ ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီး နှင့် ပြည်နယ်ဘတ်ဂျက်စသည်တို့ကို ရှင်းလင်းလွယ်ကူစွာ သိမြင်စေရန် တင်ပြသည့် စာစောင်ဖြစ်ပါသည်။








# နိုင်ငံတော်ဘတ်ဂျက်ဆိုသည်မှာ

နိုင်ငံတော်ဘတ်ဂျက်ဆိုသည်မှာ နိုင်ငံတော်တွင် ဘဏ္ဍာရေးနှစ်အတွင်း ဝင်ငွေစုစုပေါင်းမည်မျှရရှိ၍ ယင်းငွေများကို မည်သည့်ကဏ္ဍတွင် မည်သို့မည်ပုံသုံးစွဲမည်၊ ရင်းနှီးမြှုပ်နှံမည် စသည်ဖြင့် နိုင်ငံတော်အဖွဲ့အစည်းများ၏ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ငွေပမာဏဖြင့် လျာထားရေးဆွဲပြုစုဖော်ပြသည့်စာရင်းဖြစ်ပါသည်။ နိုင်ငံတော်ဘတ်ဂျက်ကို စီမံခန့်ခွဲရသူများသည် ဘဏ္ဍာရေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခွန်ကောက်ခံခြင်း၊ ရငွေများ ကြိုးပမ်းရှာဖွေခြင်းနှင့် အသုံးစရိတ် သုံးစွဲခြင်း တို့ကို အတည်ပြုထားသည့် ဘောင်အတွင်း ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရပါသည်။

## နှစ်စဉ်ဘတ်ဂျက်ရေးဆွဲအကောင်အထည်ဖော်မှုလုပ်ငန်းစဉ်



# ဘတ်ဂျက်ရေးဆွဲခြင်းနှင့်ဥပဒေပြဋ္ဌာန်းခြင်းအစီအစဉ်




<u>ပြည်ထောင်စုအဆင့်စိစစ်ညှိနှိုင်းမှု</u>

☆ ဘဏ္ဍာရေးဝန်ကြီးဌာန —စိစစ်→ သာမန်/ကြွေးမြီ

အမျိုးသားစီမံကိန်း နှင့်စီးပွားရေး နှင့် ဖြိုးတိုးတက်မှု ဝန်ကြီးဌာန —စိစစ်→ ငွေလုံးငွေရင်း
- ဆောက်လုပ်ရေး ( ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးအဖွဲ့က စိစစ်)
- စက်ပစ္စည်း ( စက်ပစ္စည်းကြီးကြပ်မှုကော်မတီက စိစစ် )
- အခြား (စီမံကိန်းရေးဆွဲရေးဦးစီးဌာနက စိစစ်)

# စီးပွားရေးနှင့် ဘဏ္ဍာရေးအခြေအနေ

၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် -

| | | |
|---|---|---|
| (၁) | ပြည်ထောင်စု၏ စုစုပေါင်းရငွေခန့်မှန်းခြေ | ကျပ် ၁၇,၀၀၀ ဘီလီယံ |
| (၂) | ပြည်ထောင်စု၏ စုစုပေါင်းအသုံးစရိတ်ခန့်မှန်းခြေ | ကျပ် ၂၀,၆၁၄ ဘီလီယံ |
| (၃) | ပြည်ထောင်စု၏ စုစုပေါင်းလိုငွေခန့်မှန်းခြေ | ကျပ် ၃,၆၁၄ ဘီလီယံ |
| (၄) | နှစ်အလိုက် ဈေးနှုန်းများအရ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) စီမံကိန်းရည်မှန်းချက် | ကျပ် ၇၃,၃၁၄ ဘီလီယံ |
| (၅) | ပြည်ထောင်စု၏ အခွန်အကောက်ရငွေခန့်မှန်းခြေ | ကျပ် ၅,၉၄၈ ဘီလီယံ |
| (၆) | ပြည်ထောင်စု၏ အခွန်အကောက်ရငွေနှင့် ဂျီဒီပီအချိုး | ၈.၁၁% |
| (၇) | ပြည်ထောင်စု၏ လိုငွေနှင့် ဂျီဒီပီအချိုး | ၄.၉၃% |
| (၈) | ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းခန့်မှန်းခြေ | ၆.၈၃% |
| (၉) | ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) တိုးတက်နှုန်းရည်မှန်းချက် | ၉.၃% |
| (၁၀) | နှစ်အလိုက်ဈေးနှုန်းများအရ ပြည်ပပို့ကုန်တင်ပို့ရန် ရည်မှန်းချက် | ကျပ် ၁၃,၁၅၈ ဘီလီယံ |
| (၁၁) | နှစ်အလိုက်ဈေးနှုန်းများအရ ပြည်ပသွင်းကုန်တင်သွင်းရန် ရည်မှန်းချက် | ကျပ် ၁၇,၃၄၀ ဘီလီယံ |
| (၁၂) | နှစ်အလိုက်ဈေးနှုန်းများအရ ကုန်သွယ်မှုလိုငွေ ခန့်မှန်းခြေ | ကျပ် ၄,၁၈၂ ဘီလီယံ |
| (၁၃) | နှစ်အလိုက်ဈေးနှုန်းများအရ လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per capita GDP) ရည်မှန်းချက် | ကျပ် ၁,၄၀၃,၉၇၈ |

# ပြည်ထောင်စု၏ ဘဏ္ဍာရေးမူဝါဒ

## အခွန်မူဝါဒ

- ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာရန်ပုံငွေ ရရှိရေးအတွက် ရသင့်ရထိုက်သည့် အခွန်အကောက်များ ဥပဒေနှင့်အညီ အပြည့်အဝကောက်ခံရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်
- ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေ အထောက်အကူဖြစ်စေမည့် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသည့် အခွန်စနစ် ဖြစ်ထွန်းပေါ်ပေါက်စေရန်
- အမျိုးသားစီးပွား ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးတည်ငြိမ်မှု၊ စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်အကောက်စနစ်ဖြင့် ထိန်းညှိပေးရန်
- တစ်မျိုးသားလုံး၏ ကျန်းမာရေး၊ ကြံ့ခိုင်ရေးနှင့် အကျင့်စာရိတ္တမြင့်မားရေးတို့အတွက် အခွန်အကောက်စနစ်ဖြင့် ထိန်းကျောင်းပေးရန်
- သဘာဝပတ်ဝန်းကျင်နှင့် တွင်းထွက်သယံဇာတများ ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် အခွန်အကောက်စနစ်ဖြင့် ထိန်းကျောင်းပေးရန်

## အသုံးစရိတ်မူဝါဒ

- ပညာရေး၊ ကျန်းမာရေး အသုံးစရိတ်များကို ဆက်လက်မြှင့်တင်သုံးစွဲရန်
- ပြည်သူလူထုကို ချက်ချင်းလက်ငင်း အကျိုးပြုနိုင်သည့် အသုံးစရိတ်များကို ဦးစားပေး သုံးစွဲရန်
- ဝန်ထမ်းခန့်အပ်မှုများ စနစ်တကျ စိစစ်ခန့်အပ်ရန်
- စီမံကိန်းများတွင် ဦးစားပေးအဆင့်ခွဲခြား၍ လတ်တလော မလိုအပ်သေးသည့် စီမံကိန်းများကို ရွှေ့ဆိုင်းဆောင်ရွက်ရန်
- ပစ္စည်းဝယ်ယူမှုများကို စနစ်တကျ စိစစ်ဆောင်ရွက်ရန်
- သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို စနစ်တကျ ထိန်းချုပ်သုံးစွဲရန်
- ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ လုံလောက်စွာရရှိရေးတို့အတွက် တိုးမြှင့်သုံးစွဲရန်

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေး အစီအစဉ်များ

နိုင်ငံတော်အစိုးရသည် အမျိုးသားဖွံ့ဖြိုးတိုးတက်မှု ပထမ(၅)နှစ် စီမံကိန်း၏ နောက်ဆုံးနှစ် (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်)ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ ဦးစားပေး အစီအစဉ်များ ချမှတ်၍ ဆောင်ရွက်မည် ဖြစ်ပါသည်-

(က) ပြည်သူကို တိုက်ရိုက်အကျိုးပြုမည့် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေး တိုးတက်ကောင်းမွန်ရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊

(ခ) အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုနှင့် လူမှုစီးပွားဖွံ့ဖြိုးမှု အထောက်အကူပြုလုပ်ငန်းများ၊ တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ခြင်းလုပ်ငန်းများ၊

(ဂ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ။

# နိုင်ငံတော်၏ စီမံကိန်းရည်မှန်းချက်များ

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စီမံကိန်း၏ ပုံမှန်ဈေးနှုန်းများအရ ကဏ္ဍအလိုက် တိုးတက်မှု ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | | |
|---|---|---|
| • လယ်ယာ | - | ၂.၃% |
| • သားငါး | - | ၈.၀% |
| • သစ်တော | - | ၀.၂% |
| • စွမ်းအင် | - | ၂.၆% |
| • သတ္တုနှင့် တွင်းထွက်ပစ္စည်း | - | ၉.၅% |
| • စက်မှုလက်မှု | - | ၁၀.၁% |
| • လျှပ်စစ်ဓာတ်အား | - | ၉.၁% |
| • ဆောက်လုပ်မှု | - | ၁၁.၀% |
| • ပို့ဆောင်ရေး | - | ၉.၁% |
| • ဆက်သွယ်ရေး | - | ၄၆.၉% |
| • ငွေရေးကြေးရေး | - | ၂၆.၅% |
| • လူမှုရေးနှင့် စီမံခန့်ခွဲရေး | - | ၈.၃% |
| • ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | - | ၁၂.၁% |
| • ကုန်သွယ်မှု | - | ၆.၇% |

ဇစ်မြစ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ

# ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ စုစုပေါင်း အရအသုံး လျာထားချက်

## ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် (မူလခန့်မှန်းခြေ)

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ပြည်ထောင်စု | တိုင်းဒေသကြီး/ ပြည်နယ် | စုစုပေါင်း |
|---|---|---|---|
| ရငွေ | ၁၆,၅၃၈ | ၂,၆၂၃ | ၁၉,၁၆၁ |
| အသုံးစရိတ် | ၁၉,၂၉၁ | ၂,၆၂၃ | ၂၁,၉၁၄ |
| လိုငွေ | ၂,၇၅၃ | - | ၂,၇၅၃ |
| | | ဂျီဒီပီတန်ဖိုး | ၆၆,၁၈၇ |
| | | လိုငွေနှင့်ဂျီဒီပီအချိုး | ၄.၁၆% |

## ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် (ပြုပြင်ပြီးခန့်မှန်းခြေ)

(ကျပ်ဘီလီယံ)


| အကြောင်းအရာ | ပြည်ထောင်စု | တိုင်းဒေသကြီး/ ပြည်နယ် | စုစုပေါင်း |
|---|---|---|---|
| ရငွေ | ၁၆,၈၉၁ | ၂,၇၄၀ | ၁၉,၆၃၁ |
| အသုံးစရိတ် | ၁၉,၄၄၃ | ၂,၇၄၀ | ၂၂,၁၈၃ |
| လိုငွေ | ၂,၅၅၂ | - | ၂,၅၅၂ |
| | | ဂျီဒီပီတန်ဖိုး | ၆၆,၂၃၆ |
| | | လိုငွေနှင့်ဂျီဒီပီအချိုး | ၃.၈၅% |

## ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် (မူလခန့်မှန်းခြေ)


(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ပြည်ထောင်စု | တိုင်းဒေသကြီး/ ပြည်နယ် | စုစုပေါင်း |
|---|---|---|---|
| ရငွေ | ၁၇,၀၀၀ | ၂,၄၀၃ | ၁၉,၄၀၃ |
| အသုံးစရိတ် | ၂၀,၆၁၄ | ၂,၄၀၃ | ၂၃,၀၁၇ |
| လိုငွေ | ၃,၆၁၄ | - | ၃,၆၁၄ |
| | | ဂျီဒီပီတန်ဖိုး | ၇၃,၃၁၄ |
| | | လိုငွေနှင့်ဂျီဒီပီအချိုး | ၄.၉၃% |


# ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံး အခြေအနေ





# ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ ပြည်ထောင်စု၏ ဘတ်ဂျက် လိုငွေနှင့်ဂျီဒီပီအချိုး



## နှစ်အလိုက်ဂျီဒီပီတိုးတက်မှုနှုန်း




## ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အသုံးစရိတ် ခွဲဝေမှု ရာခိုင်နှုန်း




၀.၅၇% ဗဟိုအဖွဲ့အစည်းများ
၁.၃၈% မြန်မာနိုင်ငံတော်ဗဟိုဘဏ်
၀.၀၁% တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ
၀.၃၅% နေပြည်တော်ကောင်စီ
၀.၂၄% နေပြည်တော်စည်ပင်သာယာရေးကော်မတီ
၁.၄၂% ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပ(ပို့ဆောင်ရေး)
၀.၁၀% ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပ(လူမှုဖူလုံရေးအဖွဲ့)

# ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ရငွေရရှိမှု (ခန့်မှန်းခြေ)


(က) နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ရငွေ ကျပ် ၈၂၆၄ ဘီလီယံ

(ခ) အခွန်အကောက်ရငွေ ကျပ် ၅၉၄၈ ဘီလီယံ

(ဂ) အခြားရငွေ ကျပ် ၂၇၈၈ ဘီလီယံ





# ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ရငွေရရှိမှု (ခန့်မှန်းခြေ) အမျိုးအစားအလိုက်ရာခိုင်နှုန်း





- နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေ (ပြည်ပချေးငွေ၊ ပြည်ပအကူအညီရငွေများအပါအဝင်)
- အခွန်အကောက်ရငွေ
- အခြားရငွေများ (ပြည်ပချေးငွေ၊ ပြည်ပအကူအညီရငွေများအပါအဝင်)


## ပြည်ထောင်စု၏ အခွန်အကောက်ရငွေ(ခန့်မှန်းခြေ)




## ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် အခွန်အကောက် အမျိုးအစားအလိုက် ရငွေများ(ခန့်မှန်းခြေ) ရာခိုင်နှုန်း




## ဘဏ္ဍာရေးနှစ်အလိုက် ပြည်ပအကူအညီရငွေနှင့် ချေးငွေအခြေအနေ




ဇစ်မြစ်။ ငွေတိုက်ဦးစီးဌာန

မှတ်ချက်။ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ပအကူအညီ ရငွေနှင့် ချေးငွေ မူလခန့်မှန်းခြေသည် ခန့်မှန်းလျာထားချက်သာ ဖြစ်ပါသည်။

## ဘဏ္ဍာရေးနှစ်အလိုက် နိုင်ငံတော်၏ ကြွေးမြီအခြေအနေ




| | ၂၀၁၀-၂၀၁၁ | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ (၃၁-၁၂-၂၀၁၃ အထိ) |
|---|---|---|---|---|
| ကြွေးမြီစုစုပေါင်း(ကျပ်ဘီလီယံ) | ၁၆,၂၇၃ | ၁၈,၁၂၅ | ၂၁,၅၇၅ | ၁၉,၉၂၈ |
| ကြွေးမြီနှင့်ဂျီဒီပီအချိုး | ၃၄.၉% | ၃၅.၃% | ၃၆.၄% | ၃၀.၀% |

ဇစ်မြစ်။ ငွေတိုက်ဦးစီးဌာန

# ၂၀၁၅ –၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအလိုက် လျာထားသည့် အရအသုံးအခြေအနေ

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန/အဖွဲ့အစည်းအမည် | အရ | အသုံး | ပိုငွေ (+) လိုငွေ (-) |
|---|---|---|---|---|---|
| ၁ | | ဗဟိုအဖွဲ့အစည်းများ | ၂,၉၁၆.၇၄၈ | ၁၁၇,၇၃၁.၂၂၃ | -၁၁၄,၈၁၄.၄၇၅ |
| | ၁ | နိုင်ငံတော်သမ္မတရုံး | - | ၁၂,၁၄၆.၈၄၂ | -၁၂,၁၄၆.၈၄၂ |
| | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၇၈.၆၉၀ | ၁,၉၄၁.၁၀၄ | -၁,၈၆၂.၄၁၄ |
| | ၃ | ပြည်ထောင်စုလွှတ်တော်ရုံး | ၇၄၆.၅၈၀ | ၁,၉၉၁.၉၀၀ | -၁,၂၄၅.၃၂၀ |
| | ၄ | ပြည်သူ့လွှတ်တော်ရုံး | ၀.၂၀၀ | ၇,၇၀၂.၂၂၈ | -၇,၇၀၂.၀၂၈ |
| | ၅ | အမျိုးသားလွှတ်တော်ရုံး | ၀.၃၀၀ | ၅,၇၁၅.၉၇၆ | -၅,၇၁၅.၆၇၆ |
| | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၂၁၀.၃၀၀ | ၂၁,၅၀၄.၂၆၄ | -၂၁,၂၉၃.၉၆၄ |
| | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | ၀.၀၅၀ | ၇၇၅.၀၀၈ | -၇၇၄.၉၅၈ |
| | ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | ၂၂၈.၅၅၀ | ၅၁,၂၈၅.၁၉၅ | -၅၁,၀၅၆.၆၄၅ |
| | ၉ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၁၂.၀၀၀ | ၂,၂၁၀.၆၄၀ | -၂,၁၉၈.၆၄၀ |
| | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၁,၆၀၈.၄၉၈ | ၄,၆၉၀.၁၇၉ | -၃,၀၈၁.၆၈၁ |
| | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၃၁.၅၈၀ | ၇,၇၆၇.၈၈၇ | -၇,၇၃၆.၃၀၇ |
| ၂ | | ဝန်ကြီးဌာနများ | ၁၆,၂၁၂,၉၄၈.၄၁၅ | ၁၉,၇၇၄,၆၁၂.၂၁၄ | -၃,၅၆၁,၆၆၃.၇၉၉ |
| | ၁ | ပြည်ထဲရေး | ၁၆,၉၅၅.၉၅၂ | ၂၈၀,၅၇၃.၆၃၃ | -၂၆၃,၆၁၇.၆၈၁ |
| | ၂ | ကာကွယ်ရေး | ၁၅၉,၂၉၇.၅၈၇ | ၂,၇၅၀,၆၀၂.၉၃၇ | -၂,၅၉၁,၃၀၅.၃၅၀ |
| | ၃ | နယ်စပ်ရေးရာ | ၂,၆၄၈.၆၇၇ | ၁၃၀,၄၁၅.၀၆၈ | -၁၂၇,၇၆၆.၃၉၁ |
| | ၄ | နိုင်ငံခြားရေး | ၃,၆၂၉.၈၀၀ | ၇၀,၈၄၂.၂၆၅ | -၆၇,၂၁၂.၄၆၅ |
| | ၅ | ပြန်ကြားရေး | ၄၁,၀၂၃.၄၈၃ | ၇၀,၇၃၄.၄၉၄ | -၂၉,၇၁၁.၀၁၁ |
| | ၆ | သာသနာရေး | ၆၂.၈၇၀ | ၁၄,၃၁၁.၅၅၇ | -၁၄,၂၄၈.၆၈၇ |
| | ၇ | သမဝါယမ | ၃၄၈,၆၄၉.၉၄၃ | ၃၅၇,၀၃၉.၁၁၃ | -၈,၃၈၉.၁၇၀ |
| | ၈ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၂၇၆,၅၂၈.၂၆၈ | ၇၂၆,၆၁၄.၃၆၇ | -၄၅၀,၀၈၆.၀၉၉ |
| | ၉ | မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၁၁၀,၈၂၈.၇၆၈ | ၅၁၃,၈၈၀.၈၆၅ | -၄၀၃,၀၅၂.၀၉၇ |
| | ၁၀ | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ | ၉၈၇,၆၁၆.၉၈၂ | ၄၁၃,၇၇၆.၉၁၂ | +၅၇၃,၈၄၀.၀၇၀ |
| | ၁၁ | ပို့ဆောင်ရေး | ၁၀၂,၃၅၄.၇၆၄ | ၇၄,၅၇၈.၂၂၇ | +၂၇,၇၇၆.၅၃၇ |
| | ၁၂ | သစ်တော - ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၂၅၅,၈၁၃.၀၁၄ | ၃၅၇,၀၁၂.၃၂၁ | -၁၀၁,၁၉၉.၃၀၇ |
| | ၁၃ | လျှပ်စစ်စွမ်းအား | ၂,၁၃၉,၉၃၃.၉၇၁ | ၂,၄၆၀,၀၇၇.၇၄၅ | -၃၂၀,၁၄၃.၇၇၄ |
| | ၁၄ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၂၀,၃၄၈.၀၀၀ | ၂၀,၀၆၁.၃၉၁ | +၂၈၆.၆၀၉ |
| | ၁၅ | စွမ်းအင် | ၃,၉၄၁,၄၉၉.၅၉၃ | ၃,၂၆၀,၀၀၇.၀၆၆ | +၆၈၁,၄၉၂.၅၂၇ |

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန/အဖွဲ့အစည်းအမည် | အရ | အသုံး | ပိုငွေ (+)<br>လိုငွေ (-) |
|---|---|---|---|---|---|
| | ၁၆ | စက်မှု | ၂၁၄,၈၈၁.၀၁၉ | ၅၈၅,၁၀၃.၇၉၅ | -၃၇၀,၂၂၂.၇၇၆ |
| | ၁၇ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၁၈,၇၁၉.၇၇၆ | ၁၆,၃၁၈.၂၆၁ | +၂,၄၀၁.၅၁၅ |
| | ၁၈ | အားကစား | ၂၅၀.၀၅၀ | ၂၃,၆၅၆.၈၁၉ | -၂၃,၄၀၆.၇၆၉ |
| | ၁၉ | ပညာရေး | ၆၆,၃၀၄.၇၃၄ | ၁,၃၉၉,၀၁၃.၃၃၄ | -၁,၃၃၂,၇၀၈.၆၀၀ |
| | ၂၀ | ကျန်းမာရေး | ၅၉,၉၈၆.၄၇၆ | ၇၅၃,၀၀၁.၃၇၈ | -၆၉၃,၀၁၄.၉၀၂ |
| | ၂၁ | သတ္တုတွင်း | ၃၃၁,၆၅၆.၉၈၉ | ၁၆၃,၉၉၉.၄၂၈ | +၁၆၇,၆၅၇.၅၆၁ |
| | ၂၂ | ယဉ်ကျေးမှု | ၆,၆၀၇.၅၅၃ | ၂၀,၂၇၃.၃၈၇ | -၁၄,၆၆၅.၈၃၄ |
| | ၂၃ | ဘဏ္ဍာရေး | ၆,၀၆၅,၉၈၉.၇၈၄ | ၄,၁၀၃,၉၉၅.၇၃၈ | +၁,၉၆၁,၉၉၄.၀၄၆ |
| | ၂၄ | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၁၁,၀၁၂.၇၆၂ | ၂၇,၇၃၁.၆၂၄ | -၁၆,၇၁၈.၈၆၂ |
| | ၂၅ | ဆောက်လုပ်ရေး | ၅၉၉,၂၆၀.၉၇၈ | ၆၆၇,၂၂၀.၀၀၆ | -၆၇,၉၅၉.၀၂၈ |
| | ၂၆ | အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး | ၅၈.၂၅၇ | ၁၀,၈၃၈.၇၉၃ | -၁၀,၇၈၀.၅၃၆ |
| | ၂၇ | ရထားပို့ဆောင်ရေး | ၃၈၅,၅၇၅.၀၂၇ | ၃၅၂,၇၄၀.၆၀၈ | +၃၂,၈၃၄.၄၁၉ |
| | ၂၈ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | ၈၉၂.၃၆၆ | ၁၅,၃၆၉.၁၆၀ | -၁၄,၄၇၆.၇၉၄ |
| | ၂၉ | သိပ္ပံနှင့်နည်းပညာ | ၄,၃၃၄.၆၅၈ | ၁၂၉,၆၇၀.၂၄၆ | -၁၂၅,၃၃၅.၅၈၈ |
| | ၃၀ | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း | ၄၀,၂၂၆.၃၁၄ | ၄,၁၅၁.၆၇၆ | +၃၆,၀၇၄.၆၃၈ |
| ၃ | | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၃၈၈,၈၅၂.၆၁၄ | ၂၈၄,၄၁၅.၅၃၅ | +၁၀၄,၄၃၇.၀၇၉ |
| ၄ | | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၉၁၆.၉၈၂ | ၁,၁၀၁.၂၂၆ | -၁၈၄.၂၄၄ |
| ၅ | | နေပြည်တော်ကောင်စီ | ၁၀၁.၂၂၃ | ၇၁,၈၇၀.၀၇၈ | -၇၁,၇၆၈.၈၅၅ |
| ၆ | | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၄၉,၇၈၆.၉၁၈ | ၄၉,၈၀၃.၇၈၄ | -၁၆.၈၆၆ |
| ၇ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပ (ပို့ဆောင်ရေး) | ၃၀၁,၀၅၀.၆၄၀ | ၂၉၃,၀၂၂.၂၂၄ | +၈,၀၂၈.၄၁၆ |
| ၈ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပ (လူမှုဖူလုံရေးအဖွဲ့) | ၄၃,၄၇၇.၀၀၀ | ၂၁,၁၉၄.၀၅၀ | +၂၂,၂၈၂.၉၅၀ |
| | | စုစုပေါင်း(၁+၂+၃+၄+၅+၆+၇+၈) | ၁၇,၀၀၀,၀၅၀.၅၄၀ | ၂၀,၆၁၃,၇၅၀.၃၃၄ | -၃,၆၁၃,၆၉၉.၇၉၄ |

မှတ်ချက်။ အရအသုံးစာရင်းများတွင် ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးယူရငွေများ၊ ၎င်းတို့နှင့်ဆက်စပ်ဆောင်ရွက်သော အသုံးစရိတ်များ အပါအဝင် ဖြစ်ပါသည်။

# ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် အဖွဲ့အစည်းအလိုက် အသုံးစရိတ်လျာထားချက် ရာခိုင်နှုန်း




# ပြည်ထောင်စုဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများအလိုက် အသုံးစရိတ်ရာခိုင်နှုန်း


| စဉ် | | ဌာန/အဖွဲ့အစည်းအမည် | ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် (ပြုပြင်ပြီးခန့်မှန်းခြေ) | ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် (မူလခန့်မှန်းခြေ) |
|---|---|---|---|---|
| ၁ | | ဗဟိုအဖွဲ့အစည်းများ | ၀.၆၆% | ၀.၅၇% |
| | ၁ | နိုင်ငံတော်သမ္မတရုံး | ၀.၁၈% | ၀.၀၆% |
| | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၀.၀၁% | ၀.၀၁% |
| | ၃ | ပြည်ထောင်စုလွှတ်တော်ရုံး | ၀.၀၃% | ၀.၀၁% |
| | ၄ | ပြည်သူ့လွှတ်တော်ရုံး | ၀.၀၉% | ၀.၀၄% |
| | ၅ | အမျိုးသားလွှတ်တော်ရုံး | ၀.၀၉% | ၀.၀၃% |
| | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၀.၁၃% | ၀.၁၀% |
| | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | - | - |
| | ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | ၀.၀၅% | ၀.၂၅% |
| | ၉ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၀.၀၁% | ၀.၀၁% |
| | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၀.၀၃% | ၀.၀၂% |
| | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၀.၀၄% | ၀.၀၄% |
| ၂ | | ဝန်ကြီးဌာနများ | ၉၆.၁၄% | ၉၅.၉၃% |
| | ၁ | ပြည်ထဲရေး | ၁.၇၉% | ၁.၃၆% |
| | ၂ | ကာကွယ်ရေး | ၁၃.၄၄% | ၁၃.၃၄% |
| | ၃ | နယ်စပ်ရေးရာ | ၀.၆၆% | ၀.၆၃% |
| | ၄ | နိုင်ငံခြားရေး | ၀.၃၇% | ၀.၃၄% |
| | ၅ | ပြန်ကြားရေး | ၀.၄၅% | ၀.၃၄% |
| | ၆ | သာသနာရေး | ၀.၀၇% | ၀.၀၇% |
| | ၇ | သမဝါယမ | ၀.၈၄% | ၁.၇၃% |
| | ၈ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၃.၁၀% | ၃.၅၃% |
| | ၉ | မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၂.၅၃% | ၂.၄၉% |
| | ၁၀ | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ | ၂.၇၄% | ၂.၀၁% |
| | ၁၁ | ပို့ဆောင်ရေး | ၀.၅၂% | ၀.၃၆% |
| | ၁၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၁.၅၄% | ၁.၇၃% |
| | ၁၃ | လျှပ်စစ်စွမ်းအား | ၁၂.၃၁% | ၁၁.၉၃% |

| စဉ် | | ဌာန/အဖွဲ့အစည်းအမည် | ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် (ပြုပြင်ပြီးခန့်မှန်းခြေ) | ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် (မူလခန့်မှန်းခြေ) |
|---|---|---|---|---|
| | ၁၄ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၀.၀၉% | ၀.၁၀% |
| | ၁၅ | စွမ်းအင် | ၁၇.၀၀% | ၁၅.၈၂% |
| | ၁၆ | စက်မှု | ၃.၄၆% | ၂.၈၄% |
| | ၁၇ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၀.၀၉% | ၀.၀၈% |
| | ၁၈ | အားကစား | ၀.၁၄% | ၀.၁၂% |
| | ၁၉ | ပညာရေး | ၅.၉၆% | ၆.၇၉% |
| | ၂၀ | ကျန်းမာရေး | ၃.၆၅% | ၃.၆၅% |
| | ၂၁ | သတ္တုတွင်း | ၀.၉၅% | ၀.၈၀% |
| | ၂၂ | ယဉ်ကျေးမှု | ၀.၁၂% | ၀.၁၀% |
| | ၂၃ | ဘဏ္ဍာရေး | ၁၈.၃၈% | ၁၉.၉၁% |
| | ၂၄ | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၀.၁၄% | ၀.၁၄% |
| | ၂၅ | ဆောက်လုပ်ရေး | ၃.၇၀% | ၃.၂၄% |
| | ၂၆ | အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး | ၀.၀၆% | ၀.၀၅% |
| | ၂၇ | ရထားပို့ဆောင်ရေး | ၁.၃၂% | ၁.၇၁% |
| | ၂၈ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၀.၀၈% | ၀.၀၇% |
| | ၂၉ | သိပ္ပံနှင့်နည်းပညာ | ၀.၆၂% | ၀.၆၃% |
| | ၃၀ | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း | ၀.၀၂% | ၀.၀၂% |
| ၃ | | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁.၄၇% | ၁.၃၈% |
| ၄ | | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၀.၀၁% | ၀.၀၁% |
| ၅ | | နေပြည်တော်ကောင်စီ | ၀.၆၀% | ၀.၃၅% |
| ၆ | | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၀.၁၁% | ၀.၂၄% |
| ၇ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပ (ပို့ဆောင်ရေး) | ၀.၉၂% | ၁.၄၂% |
| ၈ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပ (လူမှုဖူလုံရေးအဖွဲ့) | ၀.၀၈% | ၀.၁၀% |
| | | **စုစုပေါင်း(၁+၂+၃+၄+၅+၆+၇+၈)** | **၁၀၀%** | **၁၀၀%** |

# ပညာရေးနှင့် ကျန်းမာရေးအတွက် နှစ်အလိုက် တိုးမြှင့်သုံးစွဲမှုအခြေအနေ




အထက်ပါ နှစ်အလိုက် ပညာရေးအသုံးစရိတ်များသည် ပညာရေးဝန်ကြီးဌာန တစ်ခုတည်း၏ အသုံးစရိတ်များ ဖြစ်ပါသည်။ ၂၀၁၅–၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာန တစ်ခုတည်း၏ အသုံးစရိတ်မှာ ကျပ် ၁,၃၉၉,၁၁၃သန်း ဖြစ်ပြီး ပြည်ထောင်စု စုစုပေါင်းအသုံးစရိတ်၏ ၆.၇၉% ဖြစ်ပါသည်။ ဝန်ကြီးဌာနအားလုံး၏ ပညာရေးနှင့် သက်ဆိုင်သည့် အသုံးစရိတ်ပေါင်းမှာ ကျပ်၁,၆၉၂,၀၈၇သန်း ဖြစ်၍ ပြည်ထောင်စု စုစုပေါင်း အသုံးစရိတ်၏ ၈.၂၁% ဖြစ်ပါသည်။




## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ လိုငွေ ဖြည့်ဆည်းပေးသည့် အခြေအနေ

(ကျပ်သန်းပေါင်း)

| စဉ် | ဘဏ္ဍာရေးနှစ် | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ လိုငွေ ဖြည့်ဆည်းပေးသည့်ပမာဏ |
|---|---|---|
| ၁ | ၂၀၁၁-၂၀၁၂ | ၁၆၀,၂၀၁.၅၅၁ |
| ၂ | ၂၀၁၂-၂၀၁၃ | ၄၃၇,၀၃၇.၇၃၆ |
| ၃ | ၂၀၁၃-၂၀၁၄ | ၄၉၈,၂၈၀.၃၅၀ |
| ၄ | ၂၀၁၄-၂၀၁၅ | ၁,၅၂၉,၂၀၀.၇၂၄ |
| ၅ | ၂၀၁၅-၂၀၁၆ (မူလခန့်မှန်းခြေ) | ၁,၇၀၂,၂၇၅.၉၀၇ |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ လိုငွေ ဖြည့်ဆည်းပေးမှု နှိုင်းယှဉ်ဖော်ပြချက်



## ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းပေးမှု ရာခိုင်နှုန်း




တိုင်းဒေသကြီး/ပြည်နယ်ဘဏ္ဍာရန်ပုံငွေ လိုငွေ ကျပ် ၁,၇၀၂.၂၇၆ ဘီလီယံကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ဖြည့်ဆည်းပေးပါသည်။

# ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများစာရင်း

**၁။ ပြန်ကြားရေးဝန်ကြီးဌာန**
- ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

**၂။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
- မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

**၃။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာန**
- မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

**၄။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန**
- မြန်မာ့သစ်လုပ်ငန်း

**၅။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
- ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
- မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
- လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
- ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

**၆။ စွမ်းအင်ဝန်ကြီးဌာန**
- မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
- မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
- မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း

**၇။ စက်မှုဝန်ကြီးဌာန**
- အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
- အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
- အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
- အထည်အလိပ်လုပ်ငန်း
- ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
- စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

**၈။ သတ္တုတွင်းဝန်ကြီးဌာန**
- အမှတ်(၁)သတ္တုတွင်းလုပ်ငန်း
- အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
- အမှတ်(၃)သတ္တုတွင်းလုပ်ငန်း
- မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း
- မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
- မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း

**၉။ ဘဏ္ဍာရေးဝန်ကြီးဌာန**
- မြန်မာ့စီးပွားရေးဘဏ်
- မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်း ရောင်းဝယ်ရေးဘဏ်
- မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်
- မြန်မာ့အာမခံလုပ်ငန်း
- လုံခြုံရေးနှင့်ဆိုင်သောပုံနှိပ်လုပ်ငန်းများ

**၁၀။ ရထားပို့ဆောင်ရေး**
- မြန်မာ့မီးရထား
- ကုန်းလမ်းပို့ဆောင်ရေး

**၁၁။ ပို့ဆောင်ရေးဝန်ကြီးဌာန**
(ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပ)
- ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
- မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
- မြန်မာ့သင်္ဘောကျင်းလုပ်ငန်း
- မြန်မာအမျိုးသားလေကြောင်း

**၁၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# ၂၀၁၅–၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် အထူးကိစ္စရပ်များ အတွက် သုံးစွဲခြင်း

**တိုင်းဒေသကြီး/ပြည်နယ်များနှင့် နေပြည်တော်ကောင်စီသို့ အထူးကိစ္စအတွက် ထောက်ပံ့ခြင်း**

- မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများ - ကျပ် ၃,၃၀၀ သန်း
- ခရိုင်/မြို့နယ်စုပေါင်းရုံးများဆောက်လုပ်ရန် - ကျပ် ၂၂,၅၀၀ သန်း
- အငှားအိမ်ရာစီမံကိန်းများဆောင်ရွက်ရန် - ကျပ် ၆၆,၀၀၀ သန်း
- တိုင်းဒေသကြီး/ပြည်နယ်များတွင် လယ်မဲ့ယာမဲ့များအတွက် လယ်ယာမြေဖော်ထုတ်ရေးအသုံးစရိတ် - ကျပ် ၁၀,၀၀၀ သန်း
- ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း - ကျပ် ၇,၅၀၀ သန်း
- ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေ - ကျပ် ၃၃,၀၀၀ သန်း

**မူလတန်း၊ အလယ်တန်း နှင့် အထက်တန်း အခမဲ့ပညာရေးအသုံးစရိတ် - ကျပ် ၃၅,၂၃၉ သန်း**

**ပညာသင်ဆု၊ ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းထောက်ပံ့ကြေး - ကျပ် ၆၃,၉၇၆ သန်း**


**ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ သိရှိလိုပါက အောက်ပါလိပ်စာများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည် -**

ညွှန်ကြားရေးမှူး (ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဦးစီးဘတ်ဂျက်ဌာနခွဲ ) ၀၆၇-၄၁၀၄၅၃

ညွှန်ကြားရေးမှူး (နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများဘတ်ဂျက်ဌာနခွဲ) ၀၆၇-၄၁၀၂၆၆

ညွှန်ကြားရေးမှူး (တိုင်းဒေသကြီး/ပြည်နယ် ဘတ်ဂျက်ဌာနခွဲ) ၀၆၇-၄၁၀၃၁၀

ညွှန်ကြားရေးမှူး (လေ့ကျင့်ရေး၊သုတေသနနှင့် သတင်းအချက်အလက် နည်းပညာဌာနခွဲ) ၀၆၇-၄၁၀၅၈၅

email: citizensbudget@gmail.com

website: www.mof.gov.mm

# နိဂုံး

ဤစာစောင်တွင် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဖြင့် အတည်ပြုပြဋ္ဌာန်းထားသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းကို အကျဉ်းချုပ်၍ အများပြည်သူ လွယ်ကူစွာ နားလည်နိုင်စေရန် တင်ပြထားပါသည်။ ပြည်ထောင်စု ဌာန၊ အဖွဲ့အစည်းများသည် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရငွေလျာထားချက်များကို ရရှိစေရန်နှင့် သုံးငွေလျာထားချက်များကို စနစ်တကျစိစစ်သုံးစွဲရန် တာဝန်ရှိပါသည်။ ဌာန၊ အဖွဲ့အစည်းများသည် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဘဏ္ဍာရေးစည်းမျဉ်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းများကို ဆောင်ရွက်နိုင်ပါသည်။ ထို့အပြင် ဥပဒေပါလျာထားသော ရငွေများနှင့် ခွင့်ပြုထားသော သုံးငွေများအပြင် နောက်ထပ်ရငွေများ လျာထားရန်နှင့် သုံးငွေများခွင့်ပြုရန်လိုအပ်သည့်အခါ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးသည့်အတိုင်း ဆောင်ရွက်နိုင်ပါသည်။

သို့ဖြစ်ရာ ဤစာစောင်ပါ ကိန်းဂဏန်းအချက်အလက်များသည် မူလအရအသုံးခန့်မှန်းခြေစာရင်းအရ ကိန်းဂဏန်းအချက်အလက်များဖြစ်ပြီး ပြုပြင်ပြီးအရအသုံးခန့်မှန်းခြေစာရင်းတွင် အပြောင်းအလဲရှိမည် ဖြစ်ပါသည်။ တစ်ဖန် ဘဏ္ဍာရေးနှစ်ကုန်ဆုံး၍ အမှန်အရအသုံးစာရင်းများ ရရှိသည့်အခါတွင်လည်း အပြောင်းအလဲရှိမည် ဖြစ်ပါသည်။ ရငွေများကို မူလလျာထားသည့်ရငွေထက် ပိုမိုရရှိအောင် ဆောင်ရွက်နိုင်ပါသည်။ သုံးငွေများကို မူလခွင့်ပြုသည့် သုံးငွေထက် ပိုမိုသုံးစွဲရန် ခွင့်မပြုပါ။

ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းအား ဌာန၊ အဖွဲ့အစည်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကို ဘဏ္ဍာရေးဝန်ကြီးဌာနက သုံးလပတ်အလိုက်စောင့်ကြည့်ပြီး ခြောက်လပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ ဗြိတိန်နိုင်ငံတကာဖွံ့ဖြိုးရေးဌာန၊ သြစတြေးလျ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ဥရောပသမဂ္ဂအဖွဲ့၊ အမေရိကန်နိုင်ငံငွေတိုက်ဌာန ကျွမ်းကျင်မှုနည်းပညာထောက်ပံ့မှုဆိုင်ရာရုံးတို့၏ အကူအညီများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

# ပွင့်လင်းမြင်သာ ပြည်သူ့ဘဏ္ဍာ

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက ထုတ်ဝေသည်။

အုပ်ရေ - ၅၀၀၀